ကြိမ်မဲတောင်ကျေးရွာ
ဘုတ်ပြင်းမြို့နယ် ၊ တနင်္သာရီတိုင်း



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၂၃-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကြိမ်မဲတောင်ကျေးရွာ၊ ဘုတ်ပြင်းမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ မတ်လ

မာတိကာ

၁။ စကားချီး ၁

၂။ ရည်ရွယ်ချက် ၂

၃။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းမြစ်များ ၃

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား ၃

(ခ) သဘာဝအရင်းမြစ်များ ၄

၄။ စီမံကိန်းဧယားများ ၅

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ ၅

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၅

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား ၅

(၁.၃) သဘာဝ ရင်းမြစ်များ ၉

(၁.၄) ဥစ္စာဓနအဆင့် အခြေအနေ ၁၁

(၁.၅) ထိခိုက်လွယ်မှု ၁၁

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ ၁၅

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ ၁၅

(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၁၆

(၂.၃) ရွှေ့ပြောင်းလုပ်သားများ ၂၃

(၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက် ၂၅

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၂၅

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု ၂၆

(၂.၇) ပညာရေး ၂၇

(၂.၈) ကျန်းမာရေးနှင့် အာဟာရ ၂၉

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၃၁

(၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ ၃၂

(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ ၃၃

(၂.၁၂) လျှပ်စစ်မီးရရှိမှု ၃၅

(၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ ၃၅

(၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ၃၅

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ ၃၆

၅။ နောက်ဆက်တွဲများ ၃၈

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဆုံးသော လူထုပါဝင်ရေး ဆွဲထားသည့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာပံ့ပိုးပေး သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များ တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ ကြသော်လည်း ကျေးရွာလူထုစနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ ဤလုပ်ငန်းစနစ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိနားလည်လာခဲ့ရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်များရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ် သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှတစ်ဆင့် ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိလာခဲ့ပါသည်။

ယခုရရှိသော အစီအစဉ်ကို ထပ်မံရရှိသောကိန်းဂဏန်းအချက်အလက်များ ထပ်မံဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်ပြည့်စုံလာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်သည် ထပ်မံဖြည့်စွပ် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု ထက်ဝန်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုလုပ်ငန်း အစီအစဉ် များ ကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရမည်ဖြစ်သည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ပံ့ပိုးမှုများ ဆက်လက်ရရှိ မည်ဟု မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ တိုးတက်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိမည်ဟု ယုံကြည်မိပါသည်။

မတ်လ၊ ၂၀၂၄

ကြိမ်မဲတောင်ကျေးရွာ

ဘုတ်ပြင်းမြို့နယ်

၂။ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်မအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်သည့် အစီအစဉ်ဖြစ်ပါသည်။ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်းသတင်း အချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် ဌာနဆိုင်ရာများမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီး ကြောင်းကိုပါ သတိပြုမိလာကြသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးအခြေအနေနှင့် ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာဖြစ်ရသည့်အကြောင်းရင်းများ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အကြောင်းအရာများနှင့် အဟန့်အတားဖြစ်စေသောအရာများ၊ ငါးနှစ်တာကာလအပြီးတွင် ဆောင်ရွက်လို သည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာများနှင့် စီမံချက်များကို ရှင်းလင်းစွာဖော်ပြထားသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်ဆံရေး အဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ဖွံ့ဖြိုးရေးနှင့် ဆက်နွယ်သူ အားလုံးတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန်မျှော်လင့်ပါသည်။

၃။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကြိမ်မဲတောင်ကျေးရွာသည် ကျွန်းစုရွာဖြစ်ပြီး ဘုတ်ပြင်းမြို့၏ တောင်ဘက် ၂၈ မိုင်အကွာတွင် တည်ရှိပါသည်။ ရွာ၏ တောင်ဘက်တွင် ကော့ဗမာကျေးရွာ၊ အရှေ့ဘက်တွင် နောင်စိုးတောင်ကျေးရွာ၊ မြောက်ဘက်တွင် ချောင်းကဖီးကျေးရွာနှင့် အနောက်ဘက်တွင် ကော့ရဲကျွန်းတို့ဖြင့် ထိစပ်နေပါသည်။ လမ်းပန်း ဆက်သွယ်ရေးအနေဖြင့် ဘုတ်ပြင်းမြို့သို့ ပွင့်လင်းရာသီများတွင် ရေလမ်းခရီးဖြင့် သွားလာနိုင်ပြီး မိုးရာသီတွင် လှိုင်းကြီးသောကြောင့် အနည်းငယ်သွားလာရေးခက်ခဲပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့်ဝင်ငွေမြှင့်တင်ရေးစီမံကိန်း

ဘုတ်ပြင်းမြို့နယ်၊စီမံကိန်းကျေးရွာအုပ်စုများအခြေပြမြေပုံ



(ခ) သဘာဝအရင်းမြစ်များ

ကြိမ်မဲတောင်ကျေးရွာတွင် ရေလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး ဥယျာဉ်ခြံလုပ်ငန်းလုပ်ကိုင်သူနည်းပါးသည်။ ဥယျာဉ်ခြံလုပ်သားများမှာ ရော်ဘာနှင့် ကွမ်းကိုသာ အဓိကစိုက်ပျိုးသည်ကို တွေ့ရသည်။ ကြမ်မဲတောင် ကျေးရွာတွင် သဘာဝအရင်းအမြစ် သတ္တု၊ သဲ၊ ကျောက် ရရှိနိုင်မှုမရှိပါ။ တောတောင်နည်းပါးပြီး လူဦးရေ များသောကြောင့် သဘာဝတောတိရစ္ဆာန်မျိုးစိတ် များအား လက်လှမ်းမီမှုမရှိပါ။ ရေအောက်သယံဇာတ တိရစ္ဆာန်များဖြစ်သော ငါးကြင်း၊ ငါးသလောက်၊ လင်းရှူးများကိုလည်း အနည်းငယ်သာတွေ့ရသည်။ သဘာဝအပင်မျိုးစိတ်များလည်း လက်လှမ်းမီမှု မရှိသည်ကိုတွေ့ရသည်။



အရင်းမြစ်ပြမြေပုံ

၄။ စီမံကိန်းဇယားများ

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

ကျေးရွာ- ကြိမ်မဲတောင်　　အုပ်စု - ဟန်ကပြု　　ရက်စွဲ - ၃၁၊၃၊၂၀၂၄

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
၁ နှစ် အောက်	နို့စို့အရွယ်	၂၀	၂၀	၄၀	၂%
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၈၄	၆၉	၁၅၃	၇.၅%
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၂၂	၁၀၂	၂၂၄	၁၁%
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၄၅	၁၂၈	၂၇၃	၁၃.၅%
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၆၇၈	၆၁၇	၁၂၉၅	၆၃.၉%
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၁၉	၂၄	၄၃	၂.၁%
စုစုပေါင်း လူဦးရေ =၂၀၂၈		**၁၀၆၈**	**၉၆၀**	**၂၀၂၈**	**၁၀၀%**
စုစုပေါင်း အိမ်ထောင်စု =၃၈၅		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ =၅.၃**			

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် အိမ်ထောင်စု(၃၅၈)စုရှိပြီး လူဦးရေ စုစုပေါင်း (၂၀၂၈)ဦး ရှိပါသည်။ ၁၅နှစ်မှ ၆၅နှစ်အထိ အလုပ်လုပ်နိုင်သူဦးရေမှာ (၆၃.၉%)ခန့်ရှိပြီး ၁၅နှစ်အောက် လူဦးရေနှင့် ၆၅ နှစ်အထက်မှီခိုသူဦးရေ (၃၆.၁%)ခန့်ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅.၃)ဦးရှိပြီး အိမ်ထောင်စု၏အမျိုးသားအဆင့် လူဦးရေအထိရှိပါသည်။ အလုပ်လုပ်နိုင်သူဦးရေများပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာလျှင်ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အကူ ဖြစ်နိုင်ပါ သည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	၁၃၈	၃၅.၉%	၁၃၄	၂၇	တစ်နိုင်တစ်ပိုင်(ကွမ်း၊ သိဟိုဠ်၊ အခြားသီးနှံများ...)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	ရပ်တည်နိုင်မှု (နှိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၂	**တိရစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၃	**ငါးဖမ်း လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	၁၄၃	၃၇.၂ %	၆၂		(ငါး၊ ပုဇွန်၊ ဂဏန်း…) ရောင်းဝယ်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၈၂	၂၁.၃ %	၁၃၃		လှေငှားလိုက်ခြင်း၊ အစုအစပ်လုပ်ကိုင်ခြင်း
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	၄	၁.၀	၆	-	လက်သမား၊ ပန်းရံ
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၄	၁.၀	၂		ဝပ်ရှော့–၁/ဖုန်းပြင်ဆင်ခေ ေးနှင့် ဖုန်းဆိုင်–၃
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	၂	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၇	၁.၉%	၆၀	-	လက်လီလက်ကား ရောင်းဝယ်ရေးနှင့် ကုန်ပစ္စည်းများရောင်းဝယ်ရေး
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၀	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း:**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၅						
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၆	**ပညာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၅	၁.၃%	၅	၉	ပညာရေးဝန်ထမ်း
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၇	**ကျန်းမာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင်သူဦးရေ	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၁	**လူမှုရေး လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁	**အိမ်များတွင် အဇ္ဈာလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၂	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)**					
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၂%	၁	၃	ပြည်ပကုမ္ပဏီ
၂	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၂၂	မှီခို	၁	၀.၂%			သားသမီးမှ ထောက်ပံ့
	စုစုပေါင်း	၃၈၅	၁၀၀ %	၄၀၃	၄၁	-

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေစုစုပေါင်းမှာ (၁၂၉၅) ဦးဖြစ်ပြီး ကျား (၆၇၈) ဦးနှင့် မ (၆၁၇) ဦး ရှိသောကြောင့် အမျိုးသားလုပ်သားအင်အားမှာ ပိုမိုပါသည်။ ကြိမ်မဲတောင်ကျေးရွာတွင် ရေလုပ်ငန်းကိုအဓိကထားလုပ်ကိုင်ကျပြီး ကျေးရွာ၏ (၆၃.၉%) ရှိသည်ကို တွေ့ရှိရပါသည်။ ရေလုပ်ငန်းအပေါ် ရပ်တည်မှုသည် အလယ်အလတ် အဆင့်တွင် ရှိပါသည်။ အကြောင်းမှာ အလုပ်အကိုင်ရှိသော်လည်း ဈေးကွက်ချုပ်ကိုင်ထားခံရခြင်း၊ ငါး၊ ပုဇွန် ရှားပါးလာခြင်း တို့ကြောင့်ဖြစ်သည်။ ရေလုပ်ငန်းအပြင် ဥယျာဉ်ခြံမြေကိုလည်းတွဲဖက် လုပ်ကိုင်လာလျှက်ရှိသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	ဥယျာဉ်ခြံလုပ်ငန်း	နေ့စား	-	-	-	-	-
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-	-

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၃	ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း	နေ့စား	၇၀၀၀	၅၀၀၀	၃၀၀၀	၂၀၀၀	ရေလုပ်သား
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	-	၅၀၀၀	-	အမျိုးသမီးလုပ်သား မရှိ
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၇၀၀၀	-	၅၀၀၀	-	အမျိုးသမီးလုပ်သား မရှိ
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-	တနိုင်တပိုင်
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	၁၀၀၀၀	-	၈၀၀၀	ပုံမှန်မရှိ
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာသည် ပင်လယ်ရွာဖြစ်သောကြောင့် လယ်ယာ လုပ်ငန်းလုပ်ကိုင်ခြင်းမရှိပါ။ ငါးပိ၊ငါးခြောက်လုပ်ငန်းများအတွက် အမျိုးသားလုပ်အားခ တစ်ရက်လျှင် အများဆုံး (၇၀၀၀) ခန့်နှင့်အနည်းဆုံး(၃၀၀၀)ခန့်သာရရှိသည်။ အမျိုးသမီး လုပ်အားခ တစ်ရက်လျှင် (၅၀၀၀)ခန့်ရရှိပြီး အနည်းဆုံး (၂၀၀၀)ခန့်သာရရှိသည်။ အမျိုးသား၊ အမျိုးသမီး လုပ်အားတူညီမှု မရှိခြင်းကြောင့် လုပ်အားခညီမျှမှု မရှိသည်ကိုတွေ့ရသည်။ ဆောက်လုပ်ရေး၊ ပန်းရံ၊ လက်သမား အလုပ်များမှာ အမျိုးသမီး လုပ်သားပါဝင်မှုမရှိပါ။ ဆံပင်ညှပ်ဆိုင်၊ အပ်ချုပ်ဆိုင်များနှင့် လက်လီလက်ကား ရောင်းဝယ်မှုများတွင် တနိုင်တပိုင်သာ လုပ်ကိုင်ကြပြီး အလုပ်သမားခေါ်ယူခြင်း မရှိသည်ကိုလည်း တွေ့ရပါသည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့)	ရေအရင်းအမြစ်
လယ်မြေ			
ယာမြေ			
တောင်ယာမြေ			
ဥယျာဉ်ခြံမြေ	၁၇၈၅.၃	သင့်	မိုးရေကိုသာအသုံးပြုပါသည်။
ကိုင်း/ကျွန်းမြေ			
ခနိတောမြေ			
စားကျက်မြေ			
ပလပ်မြေ			
စုစုပေါင်း			

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

မှတ်ချက်။ ။ ရေအရင်းအမြစ် - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် ရေလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး ဥယျာဉ်ခြံ လုပ်ငန်းလုပ်ကိုင်သူနည်းပါးသည်။ ဥယျာဉ်ခြံလုပ်သားများမှာ ရော်ဘာနှင့် ကွမ်းကိုသာ အဓိကစိုက်ပျိုးသည်ကို တွေ့ရသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးချနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ဟိုက်ဒရိုကာဗွန် (ဓာတ်ငွေ့/ရေနံ)	မရှိ	-
ဓာတ်သတ္တု ရင်းမြစ် (ကျောက်မျက်၊ သတ္တု၊ ဂရမ်းနိုက်၊ ကျောက်မီးသွေး၊ ကျောက်၊ သဲ၊ ကျောက်စရစ်)	မရှိ	-
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	နည်း	ခက်
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	နည်း	ခက်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကြမ်မဲတောင်ကျေးရွာတွင် သဘာဝအရင်းအမြစ် သတ္တု၊ သဲ၊ ကျောက် ရရှိနိုင်မှုမရှိပါ။ တောတောင်နည်းပါးပြီး လူဦးရေ များသောကြောင့် သဘာဝတောတိရစ္ဆာန် မျိုးစိတ် များအား လက်လှမ်းမီမှုမရှိပါ။ ရေအောက်သယံဇာတ တိရစ္ဆာန်များဖြစ်သော ငါးကြင်း၊ ငါးသ လောက်၊

လင်းရှူးများကိုလည်း အနည်းငယ်သာတွေ့ရသည်။ သဘာဝအပင်မျိုးစိတ်များလည်း လက်လှမ်းမီမှု မရှိသည်ကိုတွေ့ရသည်။

(၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ် ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၃ဧကအထက်	၁၅-၃ဧက	၁ဧကအောက်	ပိုင်ဆိုင်မှုမရှိ
အိမ်အခြေအနေ	RC/အုပ်ညပ်	ပျဉ်ထောင်၊သွပ်မိုး	ခနိုမိုး၊ယိုင်ကာ	ခနိုမိုး၊ခနိကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	-	-	-	-
အဓိကစီးပွားရေး လုပ်ငန်း	ရေလုပ်ငန်းရှင်	ရေလုပ်ငန်း	ရေလုပ်သား	ကျပန်း
အခြားပိုင်ဆိုင်မှု	လုပ်ငန်း၂ခုအထက်	လုပ်ငန်း၁ခု	လုပ်ငန်းမရှိ	မရှိ
အိမ်ထောင်စု -	၁၃ (၃.၄%)	၄၁ (၁၀.၆%)	၁၅၃ (၃၉.၇%)	၁၇၈ (၄၆.၂%)

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုများမှာ မြေဧက (၃၀)ခန့် ပိုင်ဆိုင်ပြီး လုပ်ငန်း၂ခု ခန့်လုပ်ကိုင်ကြသည်။ ဆင်းရဲသောအိမ်ထောင်စုများမှာ လုပ်ငန်းပိုင် မရှိသော်လည်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ကြပြီး လုပ်ငန်းရှင်များထံမှ အရင်းအနှီးကိုမှီခိုရှု၍ လုပ်ကိုင် စားသောက်ကြပါသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စုများမှာ နေ့စားအလုပ်ကိုသာ လုပ်ကိုင်ကြသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု%	ဖြေရှင်းသည့် နည်းဗျူဟာ
၃ လ အောက်	၃	၅.၈%	သူငွေးထံတွင်ချေးယူ
၃ လနှင့် ၆ လကြား	၁၁	၂၁.၁%	သူငွေးထံတွင်ချေးယူ
၆ လ မှ ၁၂ လ အထိ	၃၈	၇၃.၁%	သူငွေးထံတွင်ချေးယူ

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် အဆင်မပြေသောအိမ်ထောင်စုများသည် ရေလုပ်ငန်းကျပန်းသော်လည်းကောင်း၊ ဥယျာဉ်ခြံများတွင် တောခုတ်အဋ္ဌားလိုက်ခြင်းများကို

လည်းကောင်း လုပ်ကိုင်လျှက်ရှိသည်။ အများစုသည်လုပ်ကိုင်ရင်းနှီးစားသောက်ရန်အတွက် ထောင်ကဲ့ထံမှ အများဆုံးချေးငှားခြင်း လုပ်ကြပါသည်။ ဖလပိုင်းမှ၁၂လပိုင်းအထိအဆင်မပြေမှုများ ကြုံတွေ့ရလေ့ရှိသည်။ စားဝတ်နေရေးအပိုင်းတွင် အဆင်ပြေသော်လည်း ကျန်းမာရေးနှင့် ပညာရေးပိုင်းတွင် အများဆုံးသုံးစွဲခြင်းတို့ကြောင့် အကြွေးတင်မှုများရှိသည်။ ၎င်းတို့အတွက် ဝင်ငွေတိုးတက်စေရန် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်နိုင်ပါက ပိုမိုအဆင်ပြေမည်ဖြစ်သည်။ စိုက်/မွေး မဟုတ်သော တစ်ခြားသော အသက်မွေးမှုများ ကိုလည်း ထောက်ပံ့ပေးပါက လည်းအဆင်ပြေမည် ဖြစ်သည်။ စိုက်ပျိုးရေးကို ပြုလုပ်ပါက ပင်လယ်ဒေသဖြစ်သောကြောင့် မြေနေရာ အခက်အခဲ ရှိမည်ဖြစ်သည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၅ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၀စုခန့်ရှိသည်။		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၅စုခန့်ရှိသည်။		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၁၀စုခန့်ရှိသည်။		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် မိသားစုများသော အိမ်ထောင်စု (၁၀)စုခန့်ရှိပြီး ဂျင်းကောက်၊ ပကန်းနှိုက် နေ့စားလုပ်ငန်းကိုလုပ်ကိုင်ကြသည်။ မုဆိုးဖို များဦးဆောင်သော မိသားစုများသော အိမ်ထောင်စုများမှာ နေ့စားငါးဖမ်းလုပ်ကိုလုပ်ကိုင်ကြသည်ကို တွေ့ရသည်။ နေ့ပြန်တိုးအနေဖြင့် (၁သိန်း) ချေးလျှင် တစ်နေ့(၂၀၀၀)ပြန်သွင်းပေးရသည်။ အချို့ အိမ်ထောင်စုများမှာ ကျေးရွာအတွင်းလုပ်ကိုင်စားသောက်ရန် ခက်ခဲသောကြောင့် ထိုင်းနိုင်ငံနှင့် ပြည်တွင်းအခြား ဒေသများသို့သွားရောက် လုပ်ကိုင်သူများလည်းရှိပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (မရှိ/ နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	နိမ့်	မဖူလုံသူနည်းပါးပါသည်။
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မရှိ	တိုးချဲ့ရန်မြေမရှိ။

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (မရှိ/ နိမ့်/လတ်/မြင့်)	မှတ်ချက်
၃	ရေကြီးခြင်း	မြင့်	မိုးရာသီတွင်နှစ်စဉ်ဖြစ်ပွားလေ့ရှိပါသည်။
၄	မိုးခေါင်ခြင်း	နိမ့်	လွန်ခဲ့သောနှစ်ကတစ်ကြိမ်ဖြစ်ပွားခဲ့သည်။
၅	အအေးလွန်ကဲခြင်း	မရှိ	မိုးရာသီတွင်လှိုင်းပုတ်ဒဏ်ခံရသည်။
၆	မုန်တိုင်း	လတ်	ပင်လယ်ရွာဖြစ်သောကြောင့်နှစ်စဉ်ကြုံတွေ့ရသည်။
၇	ငလျင်	နိမ့်	၁၀နှစ်တစ်ကြိမ်ခန့်သာကြုံတွေ့ရသည်။
၈	မီးဘေး	မရှိ	ဖြစ်ပွားလေ့မရှိ။
၉	ဆားငန်ရေဝင်မြေ	လတ်	ဒီရေဝင်ရောက်မှုရှိသည်။
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့်	မိုးရာသီတွင်မြေပြိုတတ်ပြီး တောင်အောက်တွင်နေထိုင်သူများပါသည်။
၁၁	သစ်တောပြုန်းတီးခြင်း	မရှိ	-
၁၂	ငှက်ဖျားရောဂါ	နိမ့်	ကျန်းမာရေးဦးစီးဌာနမှတစ်နှစ်တစ်ကြိမ် ကာကွယ်ဆေးထိုးပေးပါသည်။
၁၃	တီဘီရောဂါ	နိမ့်	ကုသမှုခံယူကြသည်။
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ	-
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိ	-
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မရှိ	-
၁၇	လူကုန်ကူးခြင်း	မရှိ	-
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည်	လတ်	မိုးရာသီလှိုင်းကြီးသောအခါအခက်အခဲ ရှိပါသည်။
၁၉	အခြား	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကြိမ်မဲတောင်ကျေးရွာတွင် နေ့စားအလုပ်နှင့်လည်ပတ် စားသောက်နေကြပြီး စားနပ်ရိက္ခာ ပြတ်လပ်မှုများ မရှိပါ။ မိုးရာသီတွင် လှိုင်းကြီးခြင်းများ ကြုံတွေ့ရတတ်ပြီး အနိမ့်ပိုင်းတွင် နေထိုင်သူများ အတွက် လှိုင်းပုတ်ဒဏ်ခံရတတ်ပါသည်။ ပင်လယ်ရွာ ဖြစ်သောကြောင့် တစ်နှစ်လျှင်မုန်တိုင်း(၃) ကြိမ်ခန့် ဝင်ရောက်တတ်သော်လည်း ရွာတွင်းရှိ အိမ်ထောင်စုများ အတွက် ထိခိုက်ဒဏ်ရာရရှိမှုများမရှိပါ။ တောင်ကုန်းအောက်တွင်နေထိုင်သူများမှာ မိုးရာသီတွင်မြေပြိုခြင်းများကြုံတွေ့ရတတ်ပြီး ထိခိုက်အန္တရာယ် ကျရောက်နိုင်ပါသည်။ ခြံလုပ်သားများတွင် ငှက်ဖျားရောဂါဖြစ်တတ်သော်လည်း ငှက်ဖျားတိုက်ဖျက်ရေးမှ လာရောက်ဆေးပေးခြင်းများကြောင့် စိုးရိမ်စရာ မရှိပါ။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မရှိ/နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	မူးယစ်ဆေးသုံးစွဲမှုများသည်။
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မရှိ	ပတ်ဝန်းကျင်မှစောင့်ရှောက်မှုရှိသည်။
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မရှိ	-
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ	မရှိ	တောင်အောက်တွင်နေထိုင်ကြသည်။
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့်	ပင်လယ်ရွာဖြစ်သောကြောင့် တံတား (ပျဉ်)ထိုးနေထိုင်သောအိမ်ထောင်စုများသည် ။
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	လတ်	လှိုင်းပုတ်ဒဏ်ခံရသောနေရာတွင်နေထိုင် ကြသည်။
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်း ခံရသူများ (IDP)	မရှိ	-
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မရှိ	-
၉	ငါးကန်ပိုင်ရှင်	မရှိ	
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မရှိ	ရေလုပ်ငန်းဖြစ်သည့်အတွက်အန္တရာယ်များ သည်။
၁၁	လူနည်းစုလူမျိုးများ	မရှိ	ပသျိုးအိမ်ထောင်စု(၅)စုခန့်ရှိသည်။
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မရှိ	-
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မရှိ	-
၁၄	ရွှေတွင်းလုပ်သား	မရှိ	-
၁၅	ဆေးစွဲသူများ	မြင့်	ဆေးစွဲသူများသောကြောင့်အန္တရာယ်ကျ ရောက်နိုင်သည်။
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	မရှိ	-
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မရှိ	-
၁၈	နေရပ်ပြန် အခြေချသူများ	မရှိ	-
၁၉	ရွှေပြောင်းလုပ်သားများ	မရှိ	-
၂၀	ကားသမား	မရှိ	
၂၁	အခြား	မရှိ	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် လူငယ်များအတွက် မူးယစ်ဆေးသုံးစွဲမှုများသောကြောင့် ပျက်စီးမှုများပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများအားရွာမှ ထောက်ပံ့ပေးမှုများရှိပါသည်။ မြေနိမ့်ပိုင်းနေထိုင်သူများမှာ ရေတက်လာချိန်တွင် လေတိုက်လာလျှင်

လှိုင်းကြီးတတ်ပြီး ရေပြင်အထက် ခြေတံရှည် အိမ်များနှင့်နေထိုင်ကြသည်။ သစ်သားတံတားများ ဖြစ်ပြီး ခိုင်ခံ့မှုအားနည်းနေသည်ကိုလည်း တွေ့ရပါသည်။ ငါးကန်များကိုလှိုင်းပုတ်ဒဏ်ခံနိုင်သော နေရာများတွင် မွေးမြူကြသည်။ လက်လုပ်လက်စားကျပန်း သမားများမှာ ဂဏန်းကောက်၊ ပိုက်လှေ လိုက်ခြင်း၊ ဂျင်းကောက်၊ ပကန်းနှိုက် အလုပ်များလုပ်ကိုင်ကြပြီး ရေကြီးချိန်များတွင် အန္တရာယ် ကျရောက်နိုင ်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	စွမ်းဆောင်နိုင်မှု (ကောင်း/ သင့်/ညံ့)
			ကျား	မ	ပေါင်း		
၁	ဂေါပကအဖွဲ့	၃	၁၅	-	၁၅	ဘာသာရေး	ကောင်း
၂	ကာလသားအဖွဲ့	၂	၁၀၀	၅၀	၁၅၀	ရပ်ရေးရွာရေး	ကောင်း
၃	နာရေးအဖွဲ့	၂	၈၀	၂၀	၁၀၀	နာရေးလုပ်ငန်း	ကောင်း
၄	အမျိုးသမီးရေးရာ	၂	-	၅၀	၅၀	ရပ်ရေးရွာရေး	ကောင်း
၅	ဓမ္မစကူးအဖွဲ့	၃	၁၀	၂၀	၃၀	ဘာသာရေး	ကောင်း
၆	ကျောင်းကော်မတီ	၂	၆	၅	၁၁	ပညာရေး	ကောင်း
၇	မိခင်နှင့်ကလေး	၂	-	၂၀	၂၀	ရပ်ရေးရွာရေး	ကောင်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၄) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၅) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၆) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် ဘုန်းကြီးကျောင်းဂေါပကအဖွဲ့များမှ ဘုန်းကြီး ကျောင်း ဝေယာဝစ္စများကိုလုပ်ကိုင်ကြပြီး ပညာရေးအဖွဲ့များမှာ ကျောင်းတွင်လိုအပ်နေသော ကိစ္စများကို ဝိုင်းဝန်း ကူညီပံ့ပိုးပေးက ြသည်ကိုတွေ့ရသည်။ ဓမ္မစကူးအဖွဲ့များမှ အလှူအတန်း များအလှည့်ကျ လုပ်ဆောင် ကြသည်။ ကာလသားအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့များမှ ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်း

များ နှင့် ရပ်ရွာသာရေး၊ နာရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ကြသည်ကို တွေ့ရ သည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	ERLIP	၃	ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြင့်တင်ရေးစီမံကိန်း
၂	မြန်မာနိုင်ငံဆရာဝန်အသင်း	၂	ငှက်ဖျားတိုက်ဖျက်ရေး
၃			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာသို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့အစည်းများ ဝင်ရောက်လုပ်ဆောင်ခြင်း များမရှိပါ။ ERLIP အဖွဲ့အစည်းတစ်ခုသာ ကျေးရွာဖွံ့ဖြိုးရေးကိုလုပ်ဆောင်နေပြီး ဒုတိယနှစ်စီမံကိန်းအတွက် ဆောက်လုပ်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံဆရာဝန်အသင်း ငှက်ဖျား တိုက်ဖျက်ရေး အဖွဲ့အစည်းမှ ခြင်ထောင်ဝေခြင်း၊ သွေးစစ်ပေးခြင်း၊ ဆေးပေးခြင်းများ ဆောင်ရွက် ပေးလျက် ရှိသည်ကိုလည်း တွေ့ရသည်။

(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၂၅၃	၆၅.၇%	-
၂	၂.၅ ဧက အောက်	၄	၁%	ဆင်းရဲသားတောင်သူ

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၃	၂.၅ ဧကမှ ၅ ဧက အောက်	၁၉	၅%	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက အောက်	၅၈	၁၅.၁%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ ဧက အထက်	၅၁	၁၃.၂%	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၃၈၅**	**၁၀၀%**	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာရှိအိမ်ထောင်စုများမှာ ဥယျာဉ်ခြံပိုင်ရှင်များ ရှိသော်လည်း လုပ်ကိုင်သူနည်းပါးသည်။ ဥယျာဉ်ခြံလုပ်ကိုင်သူများမှာ ရော်ဘာနှင့်ကွမ်းကိုသာအဓိက စိုက်ပျိုးကြသည်ကို တွေ့ရပါသည်။ အချို့အိမ်ထောင်စုများမှာ ရေလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။

(၂.၂.၁.၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်ဧက	ရရှိနိုင်မှု	
			တန္နစ်ပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၁	ဆည်	-	-	-
၂	ရေလွှဲဆည်	-	-	-
၃	မြစ်ရေတင်စီမံကိန်း	-	-	-
၄	ရေသွင်းမြောင်း	-	-	-
၅	အဝီစိတွင်း	၂	တစ်နှစ်ပတ်လုံး	ရှိ
၆	လက်ဝင် ရေတွင်း	၁	-	မရှိ
၇	စိမ့်စမ်းရေ	-	-	-
၈	ချောင်းရေ		-	-
၉	အခြား	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် အဝီစိတွင်းမှရေပိုက်သွယ်တန်းပြီးရေပေးဝေမှုများ ရှိသော်လည်း သုံးရေအတွက်သာလုံလောက်မှုရှိပါသည်။ တောင်အောက်ဖက်တွင်နေထိုင်သူများမှာ တွင်းရေကိုသာ အသုံးပြုကြပြီး နွေရာသီတွင်လုံလောက်မှုမရှိပါ။ သောက်ရေအတွက် ဘုန်းကြီးကျောင်း အဝီစိတွင်းမှ ဝယ်သောက်ကြပြီး အချို့အိမ်ထောင်စုများမှာ ရေသန့်ဗူးဝယ်သုံးကြသည်ကိုတွေ့ရပါသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (နည်း/လတ်/များ)	အမြတ်ရရှိနိုင်မှု (နည်း/လတ်/ များ)	မှတ်ချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
ကွမ်းသီး	-	ပိဿာ	၁၀၀	၃၀၀	၂၀၀	၆လပိုင်း	၇လပိုင်း	များ	လတ်	နှစ်ရှည်သီးနှံ
ရော်ဘာ	-	ပိဿာ	၁၀	၁၅	၁၂	။	။	များ	များ	။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကြိမ်မဲတောင်ကျေးရွာတွင် ဥယျာဉ်ခြံများလုပ်ကိုင်သူရှိသော်လည်း ရေလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ ကွမ်းတစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း (၂၀၀)ပိဿာ ခန့်ထွက်ရှိပြီး မြိတ်သို့တင်ပို့ ရောင်းချကြသည်ကိုတွေ့ရသည်။ ရော်ဘာပင်များမှာ အပင်ငယ်များဖြစ် သောကြောင့် အထွက်နှုန်းသိရှိခြင်း မရှိသေးပါ။

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဧယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ဌားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်	မှတ်ချက်/ အခြေအနေ
ထွန်စက်	-	-	
လက်တွန်းထွန်စက်	-	-	
အစေ့ချ ကိရိယာ	-	-	
ရိတ်သိမ်းခြွေလှေ့စက်	-	-	
ရိတ်သိမ်းစက်	-	-	
ခြွေလှေ့စက်	-	-	
ရေစုပ်စက်	-	-	
ခြေနင်းရေတင်စက်	-	-	
မြက်ရိတ်စက်	၅၈	-	ကိုယ်ပိုင်သုံးကြသည်။
ဆေးဖျန်းစက်	-	-	
အခြား	-	-	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် ဥယျာဉ်ခြံလုပ်ငန်းလုပ်ကိုင်သူနည်းပါးပြီး မြက်ရိတ်စက်ဖြင့် တောခုတ်လုပ်သူအနည်းသာတွေ့ရပါသည်။ အချို့မှာ ဓါးဖြင့်သာတောခုတ် လုပ်ကိုင်ကြ

သည်ကိုတွေ့ရပါသည်။ ဌားရမ်းအသုံးပြုခြင်းများမရှိပါ။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	**ဖော်ပြချက်/ရှင်းလင်းချက်**
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီဩဇာ)	မြေလွတ်မြေရိုင်းမရှိပါ။ မြေဆီဩဇာအသင့်အတင့်ရှိပါသည်။
ရေရင်းမြစ်	မိုးရေတစ်မျိုးတည်းသာအသုံးပြုကြသည်။
သွင်းအားစုဈေးကွက်	စိုက်ပျိုးရေးသုံးပစ္စည်းများကို မြိတ်မှတင်ပို့ကြသည်။
ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု	ဘုတ်ပြင်းနှင့်အဓိကရောင်းဝယ်ကြသည်။ အဝယ်ဒိုင်မှလာရောက်ဝယ်ယူမှုရှိသော်လည်း ရောင်းဝယ်မှုအားနည်းကြသည်။
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အဖွဲ့များမှပို့ချခြင်းမရှိ။
ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ	မည်သည့်အဖွဲ့မှဝန်ဆောင်မှုမရှိ။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် ဥယျာဉ်ခြံများမှာ မြေဩဇာအသင့်အတင့်ရှိပါသည်။ ချဲထွင်ရန်မြေလွတ်မြေရိုင်းမရှိပါ။ စိုက်ပျိုးရေးအတွက်လိုအပ်သော စိုက်ပျိုးရေးသုံးပစ္စည်းများကို မြိတ်မှတင်ပို့ကြပါသည်။ စိုက်ပျိုးရေးလုပ်ဆောင်ရာတွင် နွေရာသီတွင် အပူချိန်ပြင်းသောကြောင့် မိုးရာသီတွင်သာ စိုက်ပျိုး ကြပါသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	**ဖော်ပြချက်/ရှင်းလင်းချက်**
မြေဆီဩဇာ အခြေအနေ	ကျွန်းရွာဖြစ်သောကြောင့်မြေနေရာမရှိပါ။
ငွေကြေးအရင်းအနှီး ရရှိနိုင်မှု	အသင့်အတင့်ရှိပါသည်။
ရေအရင်းမြစ်များရရှိနိုင်မှု	မိုးရာသီတွင်စိုက်ပျိုးသည်။
ဖျက်ပိုးနှင့် ရောဂါ	ရှဉ့်နှင့်ကြွက်များဖျက်ဆီးပါသည်။
ဈေးကွက် လက်လှမ်းမီမှု	ရေလမ်းမှရောင်းဝယ်သယ်ယူကြသည်။
လုပ်သားရှားပါးမှု(ကျွမ်းကျင်သူ/မကျွမ်းကျင်သူ)	အခက်အခဲမရှိပါ။
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	မိရိုးဖလာနည်းလမ်းဖြင့်သာစိုက်ပျိုးကြသည်။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကြိမ်မဲတောင်ကျေးရွာတွင် ကျွန်းရွာဖြစ်သောကြောင့် ဥယျာဉ်များ တိုးချဲ့ရန် မြေလွတ် မြေရိုင်းမရှိပါ။ စိုက်ပျိုးရေးအတွက် အဖွဲ့အစည်းများမှ ချေးငွေထုတ်ချေးခြင်းများ ပံ့ပိုးကူညီမှုများ မရှိပါ။ ကွမ်းပင်များကိုစိုက်ပျိုးရာတွင် မိုးရာသီကိုသာ အဓိကထားအားကိုးပြီးစိုက်ပျိုးကြပါသည်။ လုပ်သားအင်အားပေါများပြီး မိရိုးဖလာလုပ်ရိုးလုပ်စဉ် အတိုင်းသာစိုက်ပျိုးကြပါသည်။ ထုတ်ကုန်များကို ရေလမ်းမှသယ်ယူပို့ဆောင်ကြပြီး ဘုတ်ပြင်းမြို့သို့ တင်ပို့ရောင်းချကြသည်။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	**အိမ်ထောင်စု**	**ကောင်ရေ**	**မှတ်ချက်/အခြေအနေ**
မွေးမြူရေး			
နွား			-
နို့စားနွား	-	-	-
မြင်း	-	-	-
ကျွဲ	-	-	-
မြည်း	-	-	-
လား	-	-	-
ဆိတ်	-	-	-
သိုး	-	-	-
ဝက်	၁	၁၁	တစ်နိုင်တစ်ပိုင်
ကြက်	၁၇	၁၆၆	တစ်နိုင်တစ်ပိုင်
ဘဲ	-	၂	တစ်နိုင်တစ်ပိုင်
နွားနောက်	-	-	-
အခြား	-	-	-
ငါးလုပ်ငန်း			
ငါးကန်	-	-	-
ပုဇွန်ကန်	-	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-	-
ကမ်းနီး ငါးဖမ်းလုပ်ငန်း	၂၈၄	–	အဓိကအသက်မွေးမှု
အခြား	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် ကြက်၊ ဘဲ၊ ဝက်များကိုတစ်နိုင်တပိုင်သာမွေးကြပြီး ကမ်းနီးငါးဖမ်းလုပ်ငန်းများနှင့် ပုစွန်၊ဂဏန်းနှင့် ပကန်းနှိုက် အလုပ်များကိုသာ လုပ်ကိုင်ကြသည်ကို တွေ့ရသည်။ ကျေးရွာတွင်းရှိလူငယ်များနှင့် အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်းနည်းပညာများ လိုအပ်နေပါသည်။

(၂.၂.၂.၂) သားငါးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) သားငါးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မွေးမြူရေး	
စားကျက်မြေ	ကျွန်းရွာဖြစ်သောကြောင့် တိရစ္ဆာန်မွေးမြူရန်စားကျက်မြေမရှိပါ။
ရေရရှိမှု	မိုးရေကိုအသုံးပြုကြပါသည်။
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မြိတ်မှဝယ်ယူနိုင်ပါသည်။
ချေးငွေ	မရှိ။
သွင်းအားစု ဈေးကွက်	လေညာတွင်ဝယ်ယူရရှိနိုင်ပါသည်။
နည်းပညာ ဝန်ဆောင်မှု	မရှိ။
ထုတ်ကုန် ရောင်းဝယ်မှု	မြိတ်မှတင်သွင်းပါသည်။
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	ပင်လယ်ရွာဖြစ်သောကြောင့် မြေနေရာမရှိပါ။
အခြား	-
ငါးလုပ်ငန်း	
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	မြိတ်မှတင်ပို့နိုင်ပါသည်။
ချေးငွေ	မရှိ။
သွင်းအားစု လက်လှမ်းမီမှု	မရှိ။
လိုင်စင် လက်လှမ်းမီမှု	မရှိ။
ထုတ်ကုန် ရောင်းဝယ်မှု	မရှိ။
အခြား	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာသည် ကျွန်းရွာဖြစ်သောကြောင့် မွေးမြူရေး လုပ်ငန်း လုပ်ကိုင်ရန်အတွက် စားကျက်မြေအခက်အခဲရှိပါသည်။ မွေးမြူရေးအတွက်လိုအပ်သော အစာရေများကို မြိတ်မှတင်သွင်းနိုင်ပါသည်။ ထုတ်ကုန်တင်ပို့ရောင်းချမှုများအတွက်လည်းမြိတ်သို့ တင်ပို့ရောင်းချနိုင် ပါသည်။ ငါးမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရန်အတွက် ငါးပုစွန် များကိုမြိတ်မှ ဝယ်ယူရရှိနိုင်ပါသည်။ ငါးမွေးမြူရေး လုပ်ငန်းလုပ်ကိုင်ရန် နည်းပညာအကူအညီနှင့် ချေးငွေအရင်း အနှီး လိုအပ်ပါသည်။

(၂.၂.၂.၃) သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့် စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေ ရရှိနိုင်မှု	မရှိ။
ကူးစက်ရောဂါဖြစ်ပွားမှု	ဖြစ်ပွားမှုမရှိ။
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	နည်းစနစ်မသိ၊ စမ်းသပ်မွေးမြူသူတစ်ဦးသာရှိပါသည်။

ပြဿနာနှင့် စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု	လက်လှမ်းမီမှုရှိသော်လည်း စီးပွားဖြစ်လုပ်ကိုင်ခြင်းမရှိပါ။
အခြား	-
ငါးလုပ်ငန်း	
ငါးဖမ်းခွင့် ရရှိနိုင်မှု	ဒေသတွင်းငါးဖမ်းသူများသာရှိသည်။ လိုင်စင်ဖြင့်ဖမ်းသူမရှိပါ။
ချေးငွေ ရရှိနိုင်မှု	ချေးငွေရရှိမှုမရှိပါ။
ထုန်ကုန်များ ရောင်းချနိုင်မှု	ရွာတွင်းရေလုပ်ငန်းရှင်များထံသို့ရောင်းချကြသည်။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာသည် မွေးမြူရေးလုပ်ကိုင်မည်ဆိုပါက ငွေကြေး အရင်းအနှီးလုံလောက်မှုမရှိခြင်း၊ သွင်းအားစုလက်လှမ်းမီမှုရှိ၍ ကျေးရွာတွင်စမ်းသပ် မွေးမြူသူတစ်ဦး ရှိပြီး မွေးမြူရေး နည်းပညာဆိုင်ရာအကူအညီများရရှိရန်လိုအပ်ပါသည်။

(၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
လုပ်သားအင်အားပေါများခြင်း	အလုပ်လုပ်နိုင်သူလုပ်သားပေါများသည်။
ဈေးကွက်လက်လှမ်းမီခြင်း	ဈေးကွက်လက်လှမ်းမီမှုရှိပါသည်။
လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း	ရေလမ်းတစ်မျိုးသာရှိပြီး ရေတက်၊ရေကျအချိန်ကိုက်၍သွားရသည်။
အသက်မွေးဝမ်းကျောင်းနည်းပညာ ပံ့ပိုးဆောင်မှုရရှိနိုင်ခြင်း	မရှိပါ။
ကုန်ကြမ်းပေါများခြင်း	အသင့်အတင့်ရှိပါသည်။
လျှပ်စစ်မီးရရှိနိုင်မှု	ကျေးရွာတွင်လျှပ်စစ်မီးသွယ်တန်းမှုရှိပါသည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် စိုက်မွေးမဟုတ်သောလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အလုပ်လုပ်နိုင်သူ လုပ်သားအင်အားပေါများသည်။ စက်ချုပ်၊စက်ပြင်၊ အလှပြင် လုပ်ငန်းများအတွက် လက်လှမ်းမီမှုရှိ သည်ကို တွေ့ရပါသည်။ ရေလမ်းတစ်မျိုးတည်းသာ ရှိသောကြောင့် ရေတက်ချိန်များတွင်သာ သွားလာရပြီး အခက်အခဲရှိပါ။ အသက်မွေးဝမ်းကျောင်း နည်းပညာများ လက်လှမ်းမီမှုမရှိသောကြောင့် နည်းပညာ ဝန်ဆောင်မှုများ ရရှိရန်လိုအပ်ပါသည်။ ရေလုပ်ငန်း

လုပ်ကိုင်ရာတွင် ရေထွက်သယံဇာတများ အသင့်အတင့် ရရှိပါသည်။ ကျေးရွာမှလျှပ်စစ် မီးရရှိနိုင်ပြီး တစ်လလျှင် မီတာခ(၉၀၀၀)ခန့် ပေးဆောင်ရပါသည်။

(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်
အသက်မွေးဝမ်းကျောင်း နည်းပညာ ပံ့ပိုးဆောင်မှု ရရှိမှုအားနည်းခြင်း	ဌာနဆိုင်ရာများမှအဝင်အထွက်နည်းပြီး နည်းပညာဝန်ဆောင်မှု အားနည်းသည်။
အရင်းအနှီးမလုံလောက်ခြင်း	အိမ်ထောင်စုအများစုမှာဆင်းရဲပြီး အရင်းအနှီးမတတ်နိုင်ကြပါ။
အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း	ရေလုပ်ငန်းလုပ်ကြသော်လည်းလုပ်သားများပြားပြီးအလုပ်အကိုင် အခွင့်အလမ်းနည်းပါးသည်။
ပညာတတ်မြောက်မှု နည်းပါးခြင်း	အသင့်အတင့်ရှိပါသည်။
လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း	ရေလမ်းတစ်မျိုးတည်းသာရှိပါသည်။
လျှပ်စစ်မီး မရရှိခြင်း	ကျေးရွာတွင်လျှပ်စစ်မီးည(၆)နာရီမှည(၁၁)နာရီအထိသာရရှိပါသည်။
ဈေးကွက်ဆိုင်ရာ အသိရှိမှု နည်းပါးခြင်း	ကုန်စည်အမျိုးအစားအလိုက် ဈေးကွက်အခြေအနေနှင့် ဈေးနှုန်းသိရှိမှုရှိသည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကြိမ်မဲတောင်ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းနည်းပညာဝန်ဆောင်မှုအားနည်းပြီး အဖွဲ့အစည်းများမှ လာရောက်သင်တန်းပေးခြင်းများမရှိပါ။ ရွာသားအများစုမှာဆင်းရဲပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အရင်းအနှီးမရှိခြင်း နည်းပညာမရှိခြင်းများကြောင့် ရေလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး အလုပ်အကိုင်အခွင့်အလမ်း နည်းပါး သည်ကိုတွေ့ရပါသည်။ကျေးရွာတွင် အထက်တန်းပညာရေးအထိ တက်ရောက်နိုင်ပြီးပညာတတ် မြောက်သူများပါသည်။ လျှပ်စစ်မီးကိုည(၆)နာရီမှ ည(၁၁)နာရီအထိသာရရှိပါသည်။ ရေလမ်းတစ်မျိုး တည်းသာရှိပြီး မိုးရာသီတွင်လှိုင်းကြီးခြင်းများကြောင့် အခက်အခဲရှိပါသည်။

(၂.၃) ရွှေပြောင်းလုပ်သားများ

(၂.၃.၁) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

#	ပုံစံ	အိမ်ထောင်	ပြည်တွင်း	ပြည်ပ	လူဦးရေ

		စု အရေအတွက်	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
၁	ရွှေပြောင်းလုပ်သား ရှိ သော အိမ်ထောင်စုနှင့် လူဦးရေ	၂၁	၆	၆	၁၂	၁၁	၈	၁၉	၁၇	၁၄	၃၁
၂	ကျေးရွာပြင်ပသို့ ရွှေပြောင်းမူကာလ										
	၃ လ အထိ	၂	၁	-	၁	-	-	-	၂	-	၂
	၆ လ အထိ	-	-	-	-	-	-	-	-	-	-
	၁၂ လ အထိ	၂	၁	-	၁	-	-	-	၁	-	၁
	၁၂ လ အထက်	၁၈	၄	၆	၁၀	၁၁	၈	၁၉	၁၅	၁၄	၂၉

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် အလုပ်ဝင်ငွေအတွက်အခြားဒေသများသို့သွားရောက် အလုပ်လုပ်ကိုင်သူများလည်းရှိပါသည်။ ကျေးရွာတွင်းလုပ်ကိုင်ရန်အဆင်မပြေသော အိမ်ထောင်စုများမှ ထိုင်းနိုင်ငံ အထိသွားရောက် အလုပ်လုပ်ကိုင်ကြပါသည်။

(၂.၃.၂) ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

စဉ်	အကြောင်းအရာ	လူဦးရေ
၁	ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန်	၃၁
၂	နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း	-
၃	ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း	-
၄	အခြား	-

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် မိသားစုဝင်ငွေအတွက်အခြားဒေသများသို့သွားရောက် လုပ်ကိုင်သူများမှာအလုပ်အကိုင်ဝင်ငွေအခွင့်အလမ်းများရှာဖွေရန် သွားရောက် လုပ်ကိုင်ကြပြီး ဝန်ထမ်းများမှာလည်း မိမိတို့တာဝန်ကျသော နေရာများသို့သွားရောက် လုပ်ကိုင်ကြ ပါသည်။

(၂.၃.၃) ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

စဉ်	အကြောင်းအရာ	အိမ်ထောင်စု အရေအတွက်

		စုစု ပေါင်း	% ကျေးရွာ အတွင်းရှိ စုစုပေါင်း အိမ်ထောင်စု	မြင့်	လတ်	နိမ့်
၁	ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက်	၂၁	-	-	၁၇	-
၂	ပြန်ပို့ငွေ လမ်းကြောင်းများ					
	- ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)	-	-	-	-	-
	- ဘဏ်	-	-	-	-	-
	- လူကြုံ/ကိုယ်တိုင်ဖြင့်လွှဲပို့ခြင်း	၁၅	-	-	၁၅	-

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာရှိ ပြန်ပို့ငွေမှီခိုနေရသောအိမ်ထောင်စု (၂၁)ရှိပြီး ရပ်တည်မှု အလယ်အလတ်တွင်ရှိပါသည်။ အချို့အိမ်ထောင်စုများမှ ပြန်ပို့ငွေကို လူကြုံဖြင့်လွှဲပို့ကြပြီး အချို့အိမ်ထောင်စုများမှာ လအနည်းငယ်သာ သွားရောက်လုပ်ကိုင်မှုရှိသည့်အတွက် မိသားစုထံသို့ ပြန်ပို့နိုင်ခြင်း မရှိသည်ကိုတွေ့ရပါသည်။

(၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှ အကွာအဝေး (မိုင်)	ရွာတွင်းဈေး	မြိတ်(၁၅၀)မိုင်
သယ်ယူပို့ဆောင်ရေး လမ်းကြောင်း နှင့် ၎င်း၏ အထောက်အပံ့များ	ရေလမ်း	
ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု အမျိုးအစားများ	စားသောက်ကုန်ပစ္စည်းများ နှင့် အိမ်ဆောက်ပစ္စည်းများ	
ဈေးအခြေခံအဆောက်အဦနှင့် ဝန် ဆောင်မှု		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် လမ်းခင်းဈေးတစ်မျိုးတည်းသာရှိပြီး အခြားစားသောက်ကုန်ပစ္စည်းများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများကို မြိတ်မြို့သို့ သွားရောက် ဝယ်ယူကြပါသည်။ မြိတ်သို့မိုင် (၁၅၀)ခန့် သွားရပြီး အသွားအပြန် (၃၀၀၀၀)ခန့် ပေးရပါသည်။ ထိုင်းနယ်စပ်နှင့် ချိတ်ဆက်ပြီး စားသောက်ကုန်ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားခြင်းများလည်း ရှိပါသည်။

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေ ရရှိနိုင်သည့် နေရာ	ငွေကြေး ဝန်ဆောင်မှု အမျိုးအစား	ပြန်လည် ပေးဆပ်ရမည့် ကာလ	အတိုးနှုန်း (လ)	အပေါင်ခံ ပစ္စည်း လိုအပ်မှု	ချေးငွေရရန် အခက်အခဲများ
အစိုးရဘဏ် (စိုက်ပျိုးရေးဘဏ်)	-	-	-	-	
ပုဂ္ဂလိကဘဏ်	-	-	-	-	-
ငွေချေးပေးသူ	-	နေ့ပြန်တိုး	၂၀	၁၀ရက်	-
အပေါင်ဆိုင်	-	-	၁၀	-	-
မိတ်ဆွေနှင့် ဆွေမျိုးများ	-	-	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှု ပေးသောအဖွဲ့များ။

မှတ်ချက်။ ။ ငွေကြေး ဝန်ဆောင်မှု အမျိုးအစား - ချေးငွေ၊ စုငွေ၊ အာမခံစနစ်

လေ့လာတွေ့ရှိချက်။ ။ကြိမ်မဲတောင်ကျေးရွာတွင် သမဝါယမအဖွဲ့အစည်းများမှ ငွေကြေးချေးယူမှု များရှိပြီး၊ ပိုင်ဆိုင်မှုပြု၍ ချေးယူရသည်ကိုတွေ့ရသည်။ အတိုးနှုန်းအနေဖြင့် (၂)ကျပ် တိုးပေးဆောင် ရသည်။ ရွာလုပ်ငန်းရှင် များထံချေးယူရာတွင် (၂၀/၃၀/၁၅)ကျပ်ပေးဆောင်ရပြီး နေ့ပြန်တိုးအနေဖြင့် တစ်သိန်းလျှင်အတိုးနှုန်းတစ်ရက် (၂၀၀၀) ပေးဆောင်ရပါသည်။ လုပ်ငန်းရှင် များထံချေးယူရာတွင် ပိုင်ဆိုင်မှုပစ္စည်းများအာမခံပေးရခြင်းများ မရှိသည်ကို တွေ့ရပါသည်။

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

(၂.၆.၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီဩဇာ အခြေအနေ	မြင့်	ရာသီဥတု(နွေရာသီတွင်ပူပြင်း) ၊မိုးမမှန်ခြင်း
အပင်မျိုးစိတ်များ	-	-
ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု	-	-
ရေအရင်းအမြစ်	-	မိုးရာသီတွင်သာစိုက်ပျိုးကြသည်။
ငါးမျိုးကွဲများ	ငါးသလောက်၊ ငါးမုတ်	စားကျက်မရှိ

အခက်အခဲ	အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)	ဖော်ပြချက်/ရှင်းလင်းချက်
အခြားတိရစ္ဆာန်မျိုးကွဲများ	သစ်တောရဲ့(၇၀%)ကိုဆီအုန်းကုမ္ပဏီမှဆီအုန်းစိုက်ပျိုးထားပါသည်။	တိရစ္ဆာန်မျိုးစိတ်များမရှိပါ။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် နွေရာသီတွင်အပူချိန်ပြင်းပြီး မိုးမမှန် ခြင်းများကြောင့် သီးနှံစိုက်ပျိုးရန်ခက်ခဲပြီး မိုးရာသီတွင်သာစိုက်ပျိုးနိုင်ပါသည်။ ပင်လယ်ဒေသ ဖြစ်သောကြောင့် ငါးဖမ်းလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး စိုက်ပျိုးရေးလုပ်ကိုင်သူ နည်းပါးသည်။ ငါးသလောက်၊ ငါးမုတ်များနှင့် အခြားငါးမျိုးကွဲများအတွက် မွေးမြူရန်စားကျက်မြေရှားပါး သည်ကိုတွေ့ရသည်။

(၂.၇) ပညာရေး

(၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

အတန်းပညာပြီးမြောက်မှု	ကျား	မ	ပေါင်း	၁၀ နှစ်နှင့်အထက် လူဦးရေ၏ %
စာမတတ်သူဦးရေ	၁၆	၂၈	၄၄	၂.၇%
ဘုန်းကြီးကျောင်းသင်ပညာရေး	၂၃	၁၃	၃၆	၂.၂%
မူလတန်းပညာရေး မပြီးဆုံးသူဦးရေ	၁၄၉	၁၄၄	၂၉၃	၁၈.၂%
မူလတန်းပညာရေး ပြီးဆုံးသူဦးရေ	၄၅၈	၃၈၂	၈၄၀	၅၂.၂%
အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ	၁၆၁	၁၅၀	၃၁၁	၁၉.၃%
အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ	၂၈	၃၂	၆၀	၃.၇%
တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ	၇	၂၀	၂၇	၁.၇%
၁၀ နှစ်နှင့်အထက် လူဦးရေပေါင်း	**၈၄၂**	**၇၆၉**	**၁၆၁၁**	**၁၀၀%**

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် စာမတတ်သူဦးရေ (၂.၇%)ခန့်သာရှိပြီး ပညာတတ်မြောက်သူ (၉၇.၃%)အထိရှိပါသည်။ ကျေးရွာတွင် ဘွဲ့ရသူ(၂၇)ဦးရှိပြီး အထက်တန်းပညာပြီးဆုံးသူ (၆၀)ဦးခန့်ရှိပါသည်။ မူလတန်းမပြီးဆုံးသူဦးရေ(၁၈.၂%)သာရှိ၍ အလယ်တန်းအဆင့်ပညာရေးနှင့် အထက်တန်းအဆင့်ပညာရေးတွင် (၇၁.၅%)အထိရှိနေပါသည်။

(၂.၇.၂) လက်ရှိ ကျောင်းတက်နှုန်း

ဇယား (၃၁) လက်ရှိ ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ %
မူလတန်း (၅-၉ နှစ်)	၁၃၃	၁၂၂	၂၅၅	၄၃.၁%
အလယ်တန်း (၁၀-၁၄နှစ်)	၁၁၃	၁၁၃	၂၂၆	၃၈.၂%

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ %
အထက်တန်း (၁၅-၁၆ နှစ်ကြား)	၃၁	၂၃	၅၄	၁၄.၂%
တက္ကသိုလ် ကျောင်းသား၊ သူ	၁၂	၁၅	၂၇	၄.၅%

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် မူလတန်းကျောင်းတက်နှုန်း (၄၃.၁%)ခန့် အထိရှိပြီး အလယ်တန်းနှင့် အထက်တန်းပညာတက်ရောက်သူများမှာ (၅၂.၄%)ခန့် အထိရှိသည် ကိုတွေ့ရပါသည်။ တက္ကသိုလ်ပညာရေးတွင် (၄.၅%)ခန့် အထိရှိပြီး ကျေးရွာတွင်ပညာရေးကိုအဓိက ထားသင်ယူကြသည်ကိုလည်း တွေ့ရပါသည်။

(၂.၇.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	မူလတန်းကျောင်း			အလယ်တန်းကျောင်း		
ရွာမှ အကွာအဝေး (မိုင်)	ရွာတွင်းကျောင်း					
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	လမ်းလျှောက်					
စာသင်ကျောင်း အရွယ်အစား (အလျား၊ အနံ၊အမြင့်)	မလုံလောက်(အန္တရာယ်(၁)ဆောင်)			အဆောင်(၂)ဆောင်ရှိပါသည်။		
အမိုး၊ နံရံ၊ အခင်း အရည်အသွေး	သွပ်မိုး၊အုပ်စီ၊ကွန်ကရစ်ခင်း					
ကျောင်းသုံး ပရိဘောဂ (လုံလောက်မှု ရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ	ကျောင်းသုံးပရိဘောဂလုံလောက်မှုမရှိပါ။			အိမ်သာ(၈)လုံးရှိသော်လည်း လုံလောက်မှုမရှိပါ။		
ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရ အမျိုးအစားနှင့် ကြိမ်ရေ)	ဥက်ဖျားတိုက်ဖျက်ရေး(ASI)မှ တစ်နှစ်တစ်ကြိမ်ကျွေးပါသည်။			ကျေးလက်ကဆရာမတစ်နှစ် (၂)ကြိမ်ကျွေးပါသည်။		
ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်	၃	၆	၉	၁	၄	၅
ကျေးရွာခန့်	-	-	-	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာရှိ အလယ်တန်းကျောင်းမှာ ရွာလယ်တွင်တည်ရှိပြီး သွားလာရန်လွယ်ကူပါသည်။စာသင်ကျောင်းဆောင်များလုံလောက်မှုမရှိခြင်း၊ အန္တရာယ်ကျရောက်နိုင်သော အဆောင်များတွင် သွားရောက်သင်ယူနေရသော ကျောင်းသား/သူများလည်းရှိပါသည်။ ကျောင်းတွင်ဥက်ဖျား တိုက်ဖျက်ရေး (ASI)မှ တစ်နှစ်တစ်ကြိမ်အဟာရတိုက်ကျွေးမှုရှိပြီး ကျေးလက်ဆရာမများမှလည်း တစ်နှစ်လျှင်နှစ်ကြိမ်ခန့် ကျွေးမွေးပါသည်။ စာသင်ကျောင်းဆောင်(၄)ဆောင်ခန့်ရှိသော်လည်း ကျောင်းသားဦးရေနှင့်ညီမျှခြင်း မရှိသည်ကိုတွေ့ရသည်။ ကျောင်းအိမ်သာများလည်း လုံလောက်မှုမရှိသည် ကိုလည်းတွေ့ရသည်။

(၂.၇.၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ရရှိနိုင်မှု	လုံလောက်မှုမရှိပါ။
တပည့် - ဆရာ အချိုး	
မူလတန်းပညာ ကျောင်းထွက်နှုန်း	မရှိသလောက်ရှားပါသည်။
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မသန်စွမ်းသူရှိသော်လည်းအထူးအစီအစဉ်မရှိပါ။
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	အခမဲ့ပညာရေးစနစ်ကြောင့်အခက်အခဲမရှိပါ။
ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု	အ.ထ.ကအဆင့်တွင်အနည်းငယ်ရှိပါသည်။
ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု	လက်လှမ်းမီမှုမရှိ(ဘောလုံး(၃)လုံး၊ခြင်းလုံး(၃)လုံးသာရှိပါသည်။
မိဘဆရာအသင်း၏အခန်းကဏ္ဍ/အကျိုးဆောင်အဖွဲ့	ကျောင်း၏လိုအပ်ချက်(ကျောင်းသုံးစာရေးခုံ)များကိုဖြည့်ဆည်းဆောင်ရွက်သည်။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် ဆရာတပည့်အချိုး ညီမျှမှုမရှိပါ။ မူလတန်းကျောင်းထွက်သူနည်းပါးပြီး အခမဲ့ပညာရေးစနစ်ကြောင့် ဆင်းရဲသားအိမ်ထောင်စုများမှ ကျောင်းစရိတ်မတတ်နိုင်မှုများမရှိသော်လည်း အထက်တန်းအဆင့်ပညာရေးတွင် အနည်းငယ်အ ခက်အခဲ ရှိပါသည်။ မသန်းစွမ်းသူရှိသော်လည်း မသန်စွမ်းသူပညာရေးအတွက် အထူးအစီအစဉ် များမရှိပါ။ ကျောင်းတွင် အားကစားကွင်းရှိသော်လည်း အားကစားပစ္စည်းများလုံလောက်မှုမရှိပါ။

(၂.၈) ကျန်းမာရေးနှင့် အာဟာရ

(၂.၈.၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု			မှတ်ချက် / သုံးသပ်ချက်
		မြင့်	နိမ့်	မရှိ	
၁	ဝမ်းပျက်ဝမ်းလျှောက		✓		ရာသီဥတုကြောင့်ဖြစ်တတ်ပါသည်။
၂	သွေးလွန်တုပ်ကွေး		✓		ကရသူရိမှတစ်လတစ်ကြိမ် ဆရာဝန်ကြီးကိုယ်တိုင်လာရောက်စစ်ဆေးသည်။
၃	ငှက်ဖျား		✓		ငှက်ဖျားတိုက်ဖျက်ရေးမှလာရောက်ကုသပေးပါသည်။
၄	အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ			✓	
၅	HIV, AIDS, လိင်မှတဆင့်			✓	

#	ရောဂါ	ပျံနှံ့မှု/ဖြစ်ပွားမှု			မှတ်ချက် / သုံးသပ်ချက်
		မြင့်	နိမ့်	မရှိ	
	ကူးစက်နိုင်သောရောဂါများ				
၆	တီဘီ		✓		ကူးစက်မှုမရှိပါ။
၇	ဆီးချို		✓		
၈	သွေးတိုး		✓		
၉	အသည်းရောဂါ (ဘီ၊ စီ)			✓	
၁၀	အာဟာရချို့တဲ့မှု			✓	
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ				

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် ရာသီဥတုအခြေအနေကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားလေ့ရှိသော်လည်း ထိခိုက်မှုအခြေအနေမရှိပါ။ ဆီးချို၊ သွေးတိုး ရောဂါဖြစ်ပွားမှု ရှိသော်လည်း ကရသူရိမှ ဆရာဝန်ကြီး ကိုယ်တိုင် လာရောက်စစ်ဆေးသော အချိန်များတွင်သာ သွားရောက်စစ်ဆေး ကြပါသည်။

(၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	အဆုတ်ရောဂါ	✓		
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	✓		
၃	ပိုလီယိုရောဂါ	✓		တစ်လတစ်ကြိမ်လာထိုးပေးသည်။
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	✓		
၅	ဝက်သက်ရောဂါ	✓		
၆	အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု	✓		
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)		✓	
၈	အာဟာရပညာပေး အစီအစဉ်		✓	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် ကရသူရိမှတစ်လတစ်ကြိမ် လာရောက်၍ကာကွယ်ဆေးထိုးနှံမှုများရှိပါသည်။ ကိုယ်ဝန်ဆောင်ကာလအတွင်း ကိုယ်ဝန်ဆောင်မေးခိုင်ကာ

ကွယ်ဆေးများ (၃) ကြိမ် ခန့် ထိုးရပါသည်။ တစ်နှစ်တစ်ကြိမ် ဆင်ခြေထောက်ကာကွယ်ဆေးပေးဝေမှု လည်းရှိပါသည်။

(၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (မိုင်)	အခန်း/ ကုတင် (လုံလောက်မှု ရှိ/မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ် ချက်
ကျေးလက် ကျန်းမာရေး ဌာနခွဲ					
မြို့နယ် ဆေးရုံ					
ဆေးဆိုင်	-		-	-	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သပ်၍ အထောက်အပံ့ ကောင်းကောင်း ရရှိထားခြင်းမရှိသေးပါ။

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အရေ အတွက်	အကောင်း/ အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း	√	အကောင်း	-	√	-	-
အဝိစိတွင်း/စက်တပ်	√	အကောင်း	-	√	-	-
အဝိစိတွင်း/တုံကင်	-	-	-	-	-	-
မိုးရေသိုလှောင်ကန်	-	-	-	-	-	-
မြစ်/ချောင်း	-	-	-	-	-	-
ရေကန်	-	-	-	-	-	-
စိမ့်စမ်းရေသွယ်တန်းခြင်း	-	-	-	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြခြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် အဝီစိစက်တွင်းမှ ရေပိုက်သွယ်တန်းထားသော်လည်း သောက်သုံးရေအတွက်အသုံးပြု၍မရပါ။ သောက်သုံရေအတွက်ဘုန်းကြီးကျောင်းအဝီစိတွင်းမှ တစ်ပုံး(၅၀၀)ဖြင့် ဝယ်ယူကြပြီး အချို့အိမ်ထောင်စုများမှာ ရေသန့်ဗူးများကို ဝယ်ယူသုံးစွဲကြသည်ကိုလည်း တွေ့ရသည်။

(၂.၉.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ရေလောင်း/ယင်လုံအိမ်သာ	၂၂	-
ကျင်းအိမ်သာ	-	-
မြေ/ရေပေါ်အိမ်သာ	၃၅၂	ပင်လယ်ရွာဖြစ်သောကြောင့်ရေပေါ်အိမ်သာကိုသာသုံးစွဲကြသည်။
တောထိုင်	၁၁	-
စုစုပေါင်း	၃၈၅	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာသည် ပင်လယ်ရွာဖြစ်သောကြောင့် ကုန်းပေါ်တွင်နေထိုင် သောအိမ်ထောင်စုများသာလျှင် ယင်လုံအိမ်သာသုံးစွဲမှုရှိပြီး ရေပေါ်ခြေတံရှည်အိမ်များဖြင့်နေထိုင်သူများမှာ ရေပေါ်အိမ်သာအမျိုးအစားများကိုသာ အများဆုံး သုံးစွဲကြသည်ကိုတွေ့ရသည်။

(၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

#	ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီး များ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု		√	ဓလေ့ ထုံးစံအရ ဖြစ်နေပါသည်။
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်မှု	√		(၅၀%)ခန့်ပါဝင်ဆောင်ရွက်မှုရှိပါသည်။
၃	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယ ဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ		√	မရှိ။
၄	အမျိုးသမီးရေးရာ	√		အသိအမြင်ရှိမှုများရှိပါသည်။

#	ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
	အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု			
၅	အခြား (ရှိလျှင်)			

ရင်းမြစ်... (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် အုပ်ချုပ်ရေးအပိုင်းတွင်အမျိုးသားများသာ ပါဝင်ဆောင်ရွက်မှုရှိပြီး ကျေးရွာ၏ဓလေ့ထုံးစံအရ အမျိုးသမီးပါဝင်မှုအားနည်းကြသည်။ ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း အမျိုးသားအများဆုံးပါဝင်ကြပြီး အမျိုးသမီး(၅၀%)ခန့် ပါဝင်ဆောင်ရွက်ခြင်းများ ရှိပါသည်။ အချို့မှာအိမ်မှုကိစ္စများကိုသာလုပ်ကိုင်ကြသည်ကိုတွေ့ရသည်။ အမျိုးသမီးရေးရာ အကြမ်းဖက် မှုများမရှိသော်လည်း ဖြစ်လာခဲ့လျှင်လည်း ဥပဒေနှင့်တရားမျှတမှု ဆိုင်ရာ အသိအမြင်ရှိပါသည်။

(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

(၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား (၁/၂/၃/၄)	ကောင်းသင့်/ည့်	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည်
				ပွင့်လင်း ရာသီ	တစ်နှစ်ပတ်လုံး	
ရွာတွင်းလမ်းမ	၁/၃	ကောင်း			√	
ချဉ်းကပ်လမ်း						
ရွာချင်းဆက်လမ်း						

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃၊ သစ်သားတံတားလမ်း - ၄

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် ကုန်းပိုင်းနေရာများတွင်ကွန်ကရစ်လမ်း ဖြစ်ပြီး အနိမ့်ပိုင်းနေထိုင်သူများမှာ သစ်သားတံတားဖြင့်သွားလာကြသည်။ တောင်အနောက်ဖက် ပိုင်းတွင် မြေသားလမ်း ဖြင့်သာ သွားလာကြပါသည်။ အချို့နေရာများတွင် တံတားများမှာစိုးရိမ်ရ ဖွယ်ရှိနေပြီး ကျေးရွာမှစုပေါင်းပြီး ကွန်ကရစ်ကြမ်းခင်းတံတား ပြင်ဆင်ဆောက်လုပ်မှုများကြောင့် တစ်နှစ်ပတ်လုံး အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း တွေ့ရသည်။

(၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

တံတား	အရွယ်အစ	ကောင်း/သ	တည်ဆော	အသုံးပြုနိုင်သည့်ရာသီ

အမျိုးအစား	ား	င့်/ည့်	က် ခဲ့သောနှစ်	ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
ဆိပ်ခံတံတား	၁၀၀x၈၀ပေ	ကောင်း	၂၀၁၅		√
သစ်သားတံတား	၅၀ပေ	သင့်			√
ကွန်ကရစ်တံတာ ား					
ကြိုးတံတား					
ရေပြွန်					

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် (၁၀၀x၈)ပေ အရှည်ရှိသော ကွန်ကရစ်ဆိပ်ခံတံတားအား (၂၀၁၅)နှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ပေ(၅၀)ရှိသောသစ်သားတံတားတစ်ခုရှိပါ သည်။

(၂.၁၁.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ် အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
မြစ်ကြောင်း	-	-	-	-
ပင်လယ်ရေကြောင်း	-	စက်လှေ	-	√
အခြား	-	-	-	-

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊ သမ္ဘာန် ၂ - မော်တော် ၃ - သင်္ဘော

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် ပို့ဆောင်ရေးအတွက် ပင်လယ်ရေကြောင်း တစ်မျိုးကိုသာအသုံးပြုကြပါသည်။ စက်လှေ၊ မော်တော်များဖြင့်သွားလာကြပြီး ရေတက်ချိန်တွင်သာ သွားလာနိုင် ပါ သည်။

(၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုး အစား	စက် လှေ	လှေ၊ သမ္ဘာန်	စက် ဘီး	မော်တော် ဆိုင်ကယ်	ဆေးတွဲ ဆိုင်ကယ်	ကား	မြင်း လှည်း	နွား လှည်း
အရေအတွက်	၂၀၄	၅	၄၅	၁၃	-	-	-	-

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် ပို့ဆောင်ရေးအတွက် ဆိုင်ကယ်သုံးစွဲခြင်းများ ရှိသော်လည်း ရွာတွင်းတွင်သာအသုံးဝင်ပါသည်။ ပင်လယ်ရွာဖြစ်သောကြောင့် စက်လှေ၊ မော်တော် များကိုသာ အသုံးပြုကြ ပါသည်။

(၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ်(ကောင်း/သင့်/ညံ့)	အခက်အခဲရှိ/မရှိ
မဟာဓာတ်အားလိုင်း	-	-	-
ဆိုလာစနစ်	၁၃	ညံ့	အခက်အခဲမရှိပါ။
အသေးစားရေအားလျှပ်စစ်	-	-	-
ဒီဇယ်သုံးအင်ဂျင်	၄	သင့်	အခက်အခဲမရှိပါ။
လေစွမ်းအင်	-	-	-
ဇီဝလောင်စာ	-	-	-
ဖယောင်းတိုင်	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် ဒီဇယ်အင်ဂျင်သုံးမီးအားလျှပ်စစ်ဓာတ် အားလိုင်းသွယ်တန်းမှုများရှိပြီး တစ်လလျှင် (၉၀၀၀)ကျပ်နှုန်း ပေးဆောင်ရပါသည်။ ည(၆)နာရီမှ (၁၁)နာရီအထိ သာရရှိပြီး မိတာခ(၁၅)ယူနစ်ကိုအခြေခံ ယူနစ်အဖြစ်ပေးဆောင်ရသည်ကို တွေ့ရပါသည်။ ဆိုလာဖြင့် သုံးစွဲသူ အိမ်ထောင်စုအနည်းငယ်သာရှိပါသည်။

(၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	ဂြိုလ်တုစလောင်း	အောက်စက်
အရေအတွက်	၄၃၁	၁၀	၁၈၅	၁၄၆	၁

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် အိမ်တိုင်းလိုလိုဖုန်းသုံးစွဲမှုရှိပြီး MPT ဖုန်းလိုင်းများ ကောင်းမွန်ပါသည်။ ပင်လယ်ဒေသဖြစ်ပြီး ရေဒီယိုသုံးစွဲမှုအားနည်းကြပါသည်။ အိမ်တိုင်းနီးပါးတွင် တီဗွီ၊ စလောင်းများရှိကြပြီး အသိပညာဗဟုသုတများသိရှိလေ့လာရန် လက်လှမ်းမီမှုရှိသည် ကိုလည်းတွေ့ရှိရပါသည်။

(၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

လုပ်ငန်းအမည်	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု	မရှိပါ။ကျောင်းဘေလုံးကွင်းတစ်ခုသာရှိပါသည်။
လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု	ဘာသာရေးအဖွဲ့အစည်းများမှလုပ်ဆောင်ပေးသည်။
ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု	ကာလသားအဖွဲ့မှပါဝင်ကူညီမှုရှိပါသည်။
အားကစားပစ္စည်းများအား လက်လှမ်းမီမှု	လက်လှမ်းမီမှုရှိပါသည်။
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု	လူငယ်ပါဝင်မှုအားနည်းကြသည်။

လုပ်ငန်းအမည်	ဝန်ဆောင်မှု
ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး	မရှိ။
စာကြည့်တိုက်၊ အင်တာနက်စသည်များအား လက်လှမ်းမီမှု	ပြန်ကြားရေးမှစာကြည့်တိုက်တစ်ခုနှင့် ဘုန်းကြီးကျောင်းတွင်တစ်ခုရှိပါသည်။

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် ဘာသာရေးအဖွဲ့အစည်းများနှင့် ကာလသားအဖွဲ့အစည်း နှစ်မျိုးရှိပါသည်။ ကျေးရွာ၏လူမှုရေးလုပ်ငန်းနှင့် ဘာသာရေးလုပ်ငန်းများ တွင် ပါဝင်မှုအားကောင်းကြပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှုအားနည်းကြသည်ကိုလည်း တွေ့ရသည်။ ကျေးရွာတွင်စာကြည့်တိုက် (၂)ခုရှိသော်လည်း လူငယ်များမှသွားရောက် ဖတ်ရှုခြင်း များနှင့် စာအုပ်စာပေကောင်းများ လက်လှမ်းမှီမှုလည်း မရှိကြောင်းတွေ့ရပါသည်။

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

(၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု	ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦးလက်လှမ်းမီမှုမရှိပါ။ ဖုန်းလိုင်းဆက်သွယ်ရေးကောင်းမွန်ပါသည်။
အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု	မရှိပါ။
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအစဉ်	စီစဉ်ထားခြင်းမရှိပါ။
ရဲစခန်းများအား လက်လှမ်းမီမှု	ကရသူရိနှင့်(၇)မိုင်ခန့်သွားရပြီးအချိန်မှီရောက်နိုင်ခြင်းမရှိပါ။

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦး လက်လှမ်းမီမှုမရှိသော်လည်း MPT ဖုန်းလိုင်းကောင်းမွန်ပါသည်။ အာမခံလုပ်ငန်းများနှင့်လူထု အခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်များ လာရောက်ဆောင်ရွက်ပေးခြင်းများ လည်း မရှိပါ။ ကရသူရိရဲစခန်းသို့(၇)မိုင်ခန့် သွားရပြီး အချိန်မှီရောက်ရှိနိုင်ခြင်း မရှိသည်ကို တွေ့ရ ပါသည်။

(၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
စိုးရိမ် /သာမန်/မရှိ	မရှိ	မရှိ	စိုးရိမ်(WY)	မရှိ

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကြိမ်မဲတောင်ကျေးရွာတွင် ငွေကြေးကိစ္စများကြောင့် ပြဿနာဖြစ်ခဲ့ဖူး

သော်လည်း ကြီးကြီးမားမားမှုခင်းဖြစ်ပွားမှုများ မရှိသည်ကိုတွေ့ရပါသည်။ လူငယ် အများစုမှုးယစ်ဆေးဝါးသုံးစွဲမှုမှာ စိုးရိမ်ရဖွယ်အနေအထားသို့ရောက်ရှိနေပါသည်။ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ ဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ တားဆီးအရေးယူခြင်းများကို ထိရောက်စွာ လုပ်ဆောင်သင့်ပါသည်။

၅။ နောက်ဆက်တွဲများ

<u>ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်</u>

ကျေးရွာ- ကြိမ်မဲတောင် အုပ်စု -ဟန်ကပြု

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
ကဏ္ဍ - ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု						
၁။	• လက်ရှိကျေးရွာအဖွဲ့ အစည်းများ စွမ်း ဆောင်ရည် အားနည်း ခြင်း • လူမှုရေး၊ ဘာသာရေး ဆိုင်ရာ အဖွဲ့သာရှိပြီး စီးပွားရေး၊ ဘက်စုံဖွံ့ဖြိုးရေး စီမံခန့်ခွဲသည့် အဖွဲ့များ မရှိခြင်း • ဦးဆောင်မှုအပိုင်းတွင် အမျိုးသမီးများ နေရာမရခြင်း။	• ဖွံ့ဖြိုးရေးလုပ်ငန်းများအား အချိန်ပေးနိုင်သူ နည်းခြင်း။ • ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည် မြင့်တင်ရေး အစီအစဉ်များမရရှိခြင်း၊ • စီမံကိန်းရေးဆွဲ၍ ကျေးရွာဖွံ့ဖြိုးရေးအကောင် အထည်ဖော်သည့် စနစ်မရှိသေးခြင်း • ဓလေ့ထုံးစံအရ	• ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းအကောင် အထည်ဖော်နည်းများ လေ့ကျင့်ရန် နိုင်ငံတော်၏ အသက်မွေး ဝမ်းကျောင်း ဖွံ့ဖြိုးရေးနှင့် ဝင်ငွေတိုး စီမံကိန်း ရှိခြင်း	• ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စွမ်းရည်မြှင့် တင်ရေးအတွက် မြို့နယ် အဆင့်မှ နည်းပညာ အကူ အညီများ စဉ်ဆက်မပြတ် ရရှိနိုင်မည့် အစီအစဉ်များ မရှိခြင်း	• ကျေးရွာအသက်မွေး ဝမ်းကျောင်းစီမံကိန်းများ အကောင်အထည်ဖော်ရန် လိုအပ် သောအဖွဲ့များ ဖွဲ့စည်းခြင်း(အဖွဲ့ များတွင် အမျိုးသား အမျိုး သမီး အချိုးကျဖွဲ့စည်း ခြင်း။) • ဖွဲ့စည်းပြီးသောအဖွဲ့များကို စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက် ခြင်း(အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု၊ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု၊ စီမံကိန်းရေးဆွဲ အကောင် အထည်ဖော်မှု ဆိုင်ရာများ)	• ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့ များစွမ်းရည် မြှင့်တင်ခြင်း။

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
• **ကဏ္ဍ - ငါးလုပ်ငန်း**						
၂။	• ငါးပုဇွန် ရရှိမှု လျော့နည်းခြင်း • ကိုယ်ပိုင်လုပ်ငန်း မလုပ်ကိုင်နိုင်ခြင်း • ဆင်းရဲသူများ လုပ်ငန်းလည်ပတ်ရန် အရင်းအနှီး မလုံလောက်ခြင်း • ငါးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း ဗဟုသုတ အားနည်းခြင်း	• ငါးလုပ်ငန်းဆိုင်ရာဥပဒေနှင့် လုပ်ထုံးလုပ်နည်း ဗဟုသုတ တိုးတက်ရေးအစီအစဉ်များ စနစ်တကျ ရရှိရန် လိုအပ် ခြင်း • ဒီရေတောများဖြန်းတီးမှုများလာခြင်း • ဆင်းရဲသောမိသားစုများအတွက်သင့်တော်မည့် ချေးငွေဝန်ဆောင်မှုစနစ်များ မဖွံ့ဖြိုးခြင်း • ရေလုပ်သားများဝင်ငွေထွက်ငွေမျှတအောင်သုံးစွဲနိုင်မှု အားနည်း ခြင်း	• ငါးပုဇွန်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများ ဖော်ထုတ်ရန် အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြင့်တင်ရေး စီမံကိန်း ဆောင်ရွက်နေခြင်း	• ငါး၊ပုဇွန် ထုတ်လုပ်ရောင်းဝယ်ရေး ဈေးကွက်ဖွံ့ဖြိုးရေး အစီအစဉ်များ လိုအပ်ခြင်း	• ငါးထုတ်ကုန်ဈေးကွက်တိုးတက်ရေးအတွက် မြို့နယ်အဆင့်အဖွဲ့အစည်းများသို့တင်ပြခြင်း (အောက်ပါကဲ့သို့ လုပ်ငန်းများဆောင်ရွက်နိုင်ရန်) • အစုအဖွဲ့စနစ်ဖြင့် ထုတ်လုပ် ရောင်းချသည့် စနစ်များ ထူ ထောင်ခြင်း၊ • အတိုးနှုန်းနည်းနည်းဖြင့် ငွေထုတ်ချေးနိုင်မည့် လုပ်ငန်း ရှင်များနှင့် ချိတ်ဆက်ခြင်း၊ • ငါးလုပ်ငန်းဦးစီးဌာနနှင့် ချိတ်ဆက်၍ ငါးလုပ်ငန်း ဥပဒေဆိုင်ရာ ဟောပြောပွဲများကျင်းပခြင်း၊ • ငါးလုပ်ငန်းကဏ္ဍတိုးတက်စေရေး လုပ်ဆောင်နေသော အဖွဲ့များနှင့် ချိတ်ဆက်ခြင်း။	• ငါးထုတ်ကုန်ဈေးကွက်လက်လှမ်းမီမှု တိုးတက် အောင် ဆောင်ရွက်ခြင်း • ဆင်းရဲအဆင့် အိမ်ထောင်စုများကိုယ်ပိုင် ငါးဖမ်းလုပ်ငန်းထူထောင်နိုင်ရန် ရင်းနှီးငွေ ရရှိအောင် ဆောင်ရွက် ခြင်း

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
• **ကဏ္ဍ - သီးနှံထုတ်လုပ်ရေး**						
၃။	• ရာသီပေါ်သီးနှံစိုက်ပျိုးသူနည်း ပါးခြင်း • စိုက်ပျိုးနည်းပညာ ဗဟုသုတ အားနည်းခြင်း	• ပင်လယ်ကျွန်းရွာဖြစ်၍မြေနေရာမရှိခြင်း • သီးနှံစိုက်ပျိုးရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှု ထိရောက်စွာ မရရှိခြင်း၊ • ငွေအရင်းအနှီး လုံလောက်မှု မရှိခြင်း၊ • နှစ်ရှည်သီးနှံများသာအဓိက စိုက်ပျိုးကြခြင်း • တိုးချဲ့စိုက်ပျိုးရန်မြေနေရာမ ရှိခြင်း	• နှစ်ရှည်သီးနှံခြံများစိုက်ပျိုးထုတ်လုပ် နိုင်ခြင်း • စိုက်ပျိုးရေးကိုမိုးရာသီ များတွင်စိုက်ပျိုးခြင်း	• ဈေးကွက်နှင့်အလှမ်းဝေး ခြင်း • ပင်လယ်ကျွန်းရွာဖြစ်သောကြောင့်မြေလွတ် မြေရိုင်းမရှိခြင်း	• ကြားသီးနှံများ စိုက်ပျိုးလာနိုင်စေရန် အသိပညာနှင့် နည်းပညာများတောင်းခံခြင်း။ • ငွေပေါ်လွယ်သည့် ရာသီပေါ်သီးနှံများစိုက်ပျိုးသည့်နည်းပညာများ ရရှိရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း၊ • အတိုးနှုန်းသက်သာသော ချေးငွေများ ရရှိရန် ချိတ်ဆက်ခြင်း	• သီးနှံစိုက်ပျိုးရေးနည်းပညာဝန်ဆောင်မှု များ ရရှိအောင်ဆောင် ရွက်ခြင်း၊ (စိုက်ပျိုးနည်း၊ ဈေးကွက်၊ လုပ်ငန်းစီမံခန့်ခွဲမှု)
• **ကဏ္ဍ - မွေးမြူရေး**						
၄။	• ဝက်၊ကြက်များရောဂါကျရောက်၍ ဆုံးရှုံးခြင်း • မြေနေရာ၊အရင်းအနှီး၊ မျိုးကောင်းမျိုးသန့် ရရှိရန် ခက်ခဲခြင်း။	• ပင်လယ်ကျွန်းရွာဖြစ်သောကြောင့်ကာကွယ်ဆေးထိုးသည့် အစီအစဉ်များ မရှိခြင်း၊ • မိရိုးဖလာ အစွဲရှိခြင်း၊ • ခေတ်မှီမွေးမြူရေး အသိပညာ အားနည်းခြင်း၊ • ဈေးကွက်နှင့် အလှမ်းဝေးခြင်း၊	• မွေးမြူရေးလုပ်ငန်းကို မိသားစုအပိုဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်ရန် အမျိုးသမီးများ အချိန်ပေးနိုင်ခြင်း	• တိရစ္ဆာန်ရောဂါကာကွယ်ကုသရေး နည်းပညာဝန်ဆောင်မှုများ ရရှိရန် မလွယ်ကူခြင်း	• မွေးမြူရေးလုပ်ငန်း စီမံခန့်ခွဲမှုနှင့် နည်းပညာများရရှိရန် မွေးကုဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း၊ • အတိုးနှုန်းသက်သာသော ချေးငွေများရရှိရန် စီစဉ်ခြင်း၊	• တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများလုပ် ကိုင် နိုင်အောင်ဆောင် ရွက်ခြင်း • မွေးမြူးရေးအတွက် ချေးငွေဝန်ဆောင်မှုများရရှိအောင်ဆောင် ရွက်ခြင်း

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
• **ကဏ္ဍ - စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေတိုးလုပ်ငန်းများ**						
၅။	• အမျိုးသမီးများ ဝင်ငွေရလုပ်ငန်းများ မလုပ်ကိုင်နိုင်ခြင်း • အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်မှု အားနည်းခြင်း • အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း	• ရေသယ်ဇာတမျိုးစိတ်များ လျော့နည်းလာခြင်း • အတန်းပညာတတ်မြောက်သူ နည်းခြင်း၊ • စိုက်ပျိုးရေးနှင့်ရေလုပ်ငန်း ကိုသာအဓိကအသက်မွေးမှု ဟုထင်နေခြင်း •	• ဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန်အမျိုးသမီးများအချိန်ပေးနိုင်ခြင်း • ရေလုပ်ငန်းထွက်ကုန်ကြမ်းများ ရရှိနိုင်ခြင်း • ဥယျာဉ်ခြံသီးနှံ ထွက်ကုန်များအား ကုန်ချောပြုလုပ်ရန်အခွင့်အလမ်း ရှိခြင်း	• နည်းပညာ၊အရင်းအနှီးဈေးကွက်မရှိခြင်း • ရေတက်ရေကျရှိသော ကြောင့်သွားလာရေးခက်ခဲခြင်း	• အခြားဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ရန်သင်တန်းများ၊ ငွေကြေးအရင်းအနှီးများ၊ ဈေးကွက်များရရှိအောင်ချိတ်ဆက်ဆောင်ရွက်ခြင်း	• စိုက်ပျိုးမွေးမြူရေး မဟုတ်သောဝင်ငွေရလုပ်ငန်းများလုပ်ကိုင်နိုင်ရန်ဆောင်ရွက်ခြင်း
• **ကဏ္ဍ - ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း**						
၆။	• သင့်တင့်သော ချေးငွေရရှိရန် ခက်ခဲခြင်း	• တစ်ဦးနှင့် တစ်ဦး ယုံကြည်မှုအားနည်းခြင်း၊ • ပြန်မဆပ်နိုင်မည်ကို စိုးရိမ်ခြင်း • အတိုးနှုန်း မြင့်မားခြင်း	• ပုဂ္ဂလိကချေးငွေလုပ်ငန်းရှင်များရှိခြင်း	•	• အတိုးနှုန်းသက်သာသော ချေးငွေရရှိနိုင်မည့်အဖွဲ့စည်းများနှင့်ချိတ်ဆက်ခြင်း	• အစုအဖွဲ့စနစ်ဖြင့် ချေးငွေရရှိရေးဆောင်ရွက်ခြင်း
• **ကဏ္ဍ - ပညာရေး**						
	• ပညာရေး အဆောက်အဦး၊ကျောင်းသုံးပရိဘောဂပစ္စည်းများလုံလောက်မှုမရှိခြင်း • ရွာတွင်အထက်တန်းကျောင်းမရှိခြင်း	• ကျောင်းဆောင်နှင့်ကျောင်းသားအင်အားလုံလောက်မှုမရှိခြင်း • အထက်တန်းကျောင်းမတက်နိုင်ခြင်း	• ရွာတွင်စာသင်ကျောင်းရှိပြီးမူလတန်းမှအလယ်တန်းကျောင်းခွဲအဆင့်သို့ တိုးမြင့် ထားခြင်း	ရွာတွင်အထက်တန်းကျောင်းတက်ရန်အတွက်သွားလာရေးခက်ခဲခြင်း	• သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ချိတ်ဆက်၍ကျောင်းရန်ပုံငွေ တင်ပြတောင်းခံခြင်း၊	• စာသင်ကျောင်းအခြေခံအဆောက်အဦးများအသစ်တိုးချဲ့ဆောက် လုပ် ခြင်း • ပညာရေးဝန်ထမ်းများလုံလောက်အောင်ဆောင်ရွက်ပေးခြင်း

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
• **ကဏ္ဍ - ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**						
၈။	• အိမ်သာ စနစ်တကျ အသုံးပြုမှု အားနည်းခြင်း • အချိန်မှီဆေးဝါးကုသနိုင်မှုမရှိခြင်း • သောက်သုံးရေ လက်လှမ်းမှီမှုအားနည်းခြင်း	• ကျန်းမာရေးဝန်ထမ်းမရှိခြင်း • ရေပိုက်လိုင်း ရွာထဲအထိ ရောက်သော်လည်းရေမလုံလောက်ခြင်း	• ဆေးဝါးအကြောင်းနားလည်သောဆေးဆိုင်များရှိခြင်း • ရွာတွင်အဝီစိတွင်းများရှိခြင်း	• ကျန်းမာရေးအတွက်ဆေးခန်းပြရန်လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း • ရေကိုဝယ်ယူ အသုံးပြုနိုင်သော်လည်းမလုံလောက်ခြင်း	• အခြေခံကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပုံမှန် ပြုလုပ်ခြင်း၊ • ရေလုံလောက်မှုရရှိအောင် ပိုက်လိုင်း သွယ်တန်းခြင်း၊ ရေပေးဝေမှု စနစ်တည်ဆောက်ခြင်း၊	• သောက်သုံးရေရရှိမှုနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှု တိုးတက်အောင် ဆောင်ရွက်ခြင်း • အခြေခံကျန်းမာရေး အသိပညာပေးဟောပြောပွဲများကျင်းပပေးခြင်း
• **ကဏ္ဍ - လမ်း၊ တံတား၊ အခြေခံ အဆောက်အဦ**						
၉။	• ရွာတွင်းတံတားများ သွားလာမှုခက်ခဲ ခြင်း	•ရေကြီးလွှမ်းမိုးမှုများ ရှိခြင်း၊ • ဒီရေအတက်အကျရှိခြင်း		• ပင်လယ်ကျွန်းရွာ ဖြစ်ခြင်း	•ရွာတွင်းလမ်းတံတား ကောင်းမွန်အောင်အစီစဉ်များ ရေးဆွဲ ဆောင်ရွက်ခြင်း	• ရွာတွင်းလမ်းတံတားများကောင်းမွန်အောင်ဆောင်ရွက်ခြင်း
• **ကဏ္ဍ - ကျေးရွာမီးလင်းရေး**						
၁၀	• မီတာခဈေးနှုန်းမြင့်မားခြင်း	• ပင်လယ်ရွာဖြင့်သောကြောင့် ဓာတ်အားလိုင်း မရှိ ခြင်း၊ • ဆိုလာပြားများ အိမ်တိုင်းစေ့ဝယ်ယူ အသုံးမပြုနိုင်ခြင်း၊ • ကျေးရွာပိုင်မီးလင်းရေးစနစ်များမရှိခြင်း	• အချိန်ပြည့်မီးလင်းရေးစနစ်များရှိခြင်း	•	• ဆိုလာမီး သုံးစွဲမှု တိုးတက်လာစေရန် နည်းပညာအကူအညီရရှိရေးအတွက် သက်ဆိုင်ရာဦးစီးဌာန (လျှပ်စစ်စွမ်းအား/ကျေးလက်) နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ •	• ကျေးရွာမီးလင်းရေးဆောင်ရွက်ခြင်း

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
• **ကဏ္ဍ - လူငယ်နှင့် ယဉ်ကျေးမှု**						
၁၁။	• လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်များမရှိသေးခြင်း	• လူငယ်ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲဆောင်ရွက်သည့် ဗဟုသုတနှင့်အလေ့အထ မရှိခြင်း၊	•	•	• လူငယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာဆောင်ရွက်နိုင်ရန် မြို့နယ်အဆင့် အဖွဲ့အစည်းများထံ လေ့လာခြင်း	• လူငယ်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက် ခြင်း
• **ကဏ္ဍ - သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ် လျော့ချရေး**						
၁၂။	• ငါးမျိုးပြုန်းတီးလာခြင်း • အမှိုက် စွန့်ပစ်မှု စနစ်မကျခြင်း • ဒီရေတော ပြုန်းတီးလာခြင်း • ရေထု ညစ်ညမ်းခြင်း	• ရှေးယခင်ကတည်းက မီးသွေးဖုတ်ရာတွင် ဒီရေတော တစ်ခုတည်းကိုသာ မှီခို ထုတ်လုပ်ခြင်း • စားကျက်မြေ၊ မျိုးပွားရန် နေရာ လျော့နည်းလာသဖြင့် ငါးမျိုးစိပ်များရှားပါးလာခြင်း • ဒီရေတော ထိန်းသိမ်းမှု၊ ခုတ်ယူမှုတွင် ဥပဒေစိုးမိုးမှု အားနည်းခြင်း • အမှိုက်များ စွန့်ပစ်ရန် မြေနေရာ/သတ်မှတ် မထားခြင်း • ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ အသိပညာ အားနည်းခြင်း	•	•	• ဒီရေတော စိုက်ခင်းများ ပြန်လည်ထူထောင်ခြင်း • ဒီရေတောထိန်းသိမ်းရေးဆိုင်ရာ ဒေသစည်းမျဉ်း ဥပဒေများ ရေးဆွဲသတ်မှတ်ခြင်း • ဒီရေတောထိန်းသိမ်းရေး အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ • အမှိုက်များ စွန့်ပစ်ရန် မြေနေရာ သတ်မှတ်ခြင်း၊ စည်းကမ်းများ သတ်မှတ် လုပ်ဆောင်ခြင်း။	• ဒီရေတောနှင့် ငါးသယံဇာတ ထိန်းသိမ်း ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း

အခြေခံအဆောက်အဦးနှင့် ဦးစားပေးလုပ်ငန်းများ

ကျေးရွာ- ကြိမ်မဲတောင်　　အုပ်စု - ဟန်ကပြု　　ရက်စွဲ- ၁၀၊၁၀၊၂၀၁၇

ဦးစားပေး အဆင့်	ဦးစားပေးလုပ်ငန်းများ
၁	လူလျှောက်တံတား
၂	ကျန်းမာရေးဆေးပေးခန်း
၃	စာသင်ဆောင် (နှစ်ထပ်)
၄	အဝီစိတွင်းနှင့် ပိုက်လိုင်း
၅	ရွာပိုင်အဆောက်အဦး
၆	ရွာတွင်းမီးလင်းရေး

အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဦးစားပေးလုပ်ငန်းများ

ဦးစားပေး အဆင့်	ဦးစားပေးလုပ်ငန်းများ
၁	ဝက်မွေးမြူရေး
၂	ရေလုပ်ငန်း (ဂျင်း၊ ဂဏန်း)
၃	ကြက်မွေးမြူရေး
၄	ဘဲမွေးမြူရေး
၅	ဆိတ်မွေးမြူရေး

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏

အခြေခံအဆောက်အဦးနှင့် ဦးစားပေးလုပ်ငန်းများ

ကျေးရွာ- ကြိမ်မဲတောင်　　အုပ်စု -ဟန်ကပြု　　ရက်စွဲ- ၃၁.၃.၂၀၂၄

ဦးစားပေးအဆင့်	ဦးစားပေးလုပ်ငန်းများ
၁	ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း
၂	ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း
၃	လူလျှောက်တံတားတည်ဆောက်ခြင်း အပိုင်း(၁)
၄	လူလျှောက်တံတားတည်ဆောက်ခြင်း အပိုင်း(၂)
၅	စာသင်ကျောင်း RC(၂)ထပ်တည်ဆောက်ခြင်း အဆောက်အဦး အမှတ်(၁)
၆	စာသင်ကျောင်း RC(၂)ထပ်တည်ဆောက်ခြင်း အဆောက်အဦး အမှတ်(၂)
၇	ကျေးရွာဆေးပေးခန်းတည်ဆောက်ခြင်း

အသက်မွေးဝမ်းကျောင်းဆိုင်ရာနှင့်ဒွေကြေးဦးစားပေးလုပ်ငန်းများ

ဦးစားပေးအဆင့်	ဦးစားပေးလုပ်ငန်းများ
၁	ကြက်မွေးမြူရေးဆိုင်ရာအသိပညာပေးသင်တန်း